# ကချင်ပြည်နယ်မှ COVID-19 တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးကြိုးပမ်းမှု၏ ရှေ့တန်းမှ အမျိုးသမီးများ

Durable Peace
PROGRAMME

---

ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး အစီအစဉ် - ခါတ်ပုံဇတ်လမ်း

အောက်တိုဘာ၊ ၂၀၂၀





Covid 19 ဟာ ကမ္ဘာပေါ်ရှိ လူသားတစ်ယောက်ချင်းစီတိုင်းအပေါ် အကျိုးသက်ရောက်မှုရှိနေပါသည်။ ဒါပေမယ့် ကပ်ရောဂါသည် စစ်ပွဲဖြစ်ပွားရာ ဒေသရှိ စစ်ရှောင် (IDP) များ၏ ဘဝတွေအပေါ် မျှတမှုမရှိစွာ အကျိုးသက်ရောက်မှုရှိနေသည်နှင့် သူတို့၏ ခုခံအားနည်းချက်များကို ပိုမိုဆိုးရွားလာစေခဲ့သည်။ စစ်ရှောင်(IDP) များ၏လက်တွေ့ ဘဝအခြေအနေများကို ကချင်ပြည်နယ်တပိုက်ရှိ စစ်ရှောင်စခန်းများတွင် တွေ့နိုင်ပါသည်။

တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး အစီအစဉ် DPP သည် မြန်မာနိုင်ငံ၊ အထူးသဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း ဒေသများတွင် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် တန်းတူညီမျှခြင်းတို့ တိုးတက် ထွန်းကားလာရန် ရည်ရွယ်ချက် ထားရှိသည်။ ဤစီမံကိန်း နယ်မြေရှိ စစ်ဘေးရှောင်ပြည်သူများနှင့် စစ်ဘေးကြောင့် ထိခိုက်ခံစားရသော သူများအပေါ်တွင် သက်ရောက်မှု ရှိနေသော အကျိုးဆက်များကို လူအများ သိရှိစေရန် ရည်ရွယ်၍ ကျွန်တော်တို့ မှတ်တမ်းဓာတ်ပုံ ဇာတ်လမ်းတို တစ်ခု ပြုစုထားပါသည်။

DPP အကြောင်း အသေးစိတ် သိရှိလိုပါက www.durablepeaceprogramme.comတွင် ကြည့်ပါ။



ဒီနှစ်ဆယ်တန်းဖြေဖို့ ကျွန်တော် အဆောင်နေခဲ့တယ်။ Covid 19 ကြောင့် ကျောင်းတွေ ပိတ်သွားတော့ အိမ်ပြန်ခဲ့ရတယ်။

- Li Tar, Ze Hkam ရွာ ၊ ပိုင်းမော်မြို့နယ် ၊ ကချင်ပြည်နယ် ။




Trocaire နှင့် ဒေသလုပ်ဖော်ကိုင်ဖက်များသည် ကချင်ပြည်နယ်အတွင်းရှိ Covid 19 နှင့်ပတ်သက်သော စိန်ခေါ်မှုများကို တုံ့ပြန်နေကြသည်။ ကျွန်တော်တို့၏ဒေသခံ လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းဖြစ်သည့် Htoi Gender and Development Foundation သည် အမျိုးသမီးများ၏အခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်းဖြစ်သည်နှင့်အညီ အလွန်ဝေးလံခေါင်ပါးသော လူထုအဖွဲ့အစည်းများရှိ ခုခံနိုင်စွမ်းနည်းပါးသော အုပ်စုများသို့ သွားရောက်ကာ လက်ကမ်းကူညီပေးလျက်ရှိသည်။





Htoi Gender အဖွဲ့အစည်းသည် အရေးပေါ်တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ထောက်ပံ့မှုများဖြစ်သည့် လက်ဆေးဆပ်ပြာ၊ လက်သန့်ဆေးရည်နှင့် အမျိုးသမီးသုံး ပစ္စည်းများကို အထူးသဖြင့် Quarantine Centers များရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ထောက်ပံ့ပေးလျက်ရှိသည်။





- မြစ်ကြီးနားမြို့ ၊  ကြက်ပေါင်ခြံရွာရှိ  Daw Mya Si သည် DPP မှ ထောက်ပံ့ထားသော ဆပ်ပြာဖြင့် လက်ဆေးနေသည်။

" Covid 19 ကြောင့် ကျွန်မတို့ ဒုက္ခပြဿနာ အမြောက်အများရှိသော်လည်း ကျွန်မတို့ချည်းဘဲခံရတာ မဟုတ်ပါဘူးလို့ တွေးယူပြီး နှစ်သိမ့်ယူရတယ်။ ဒီလိုဒုက္ခရောက်နေချိန်မှာ ကူညီထောက်ပံ့မှုတွေ ကျွန်မတို့ဆီ ရောက်လာခြင်းက ကျွန်မကိုလုံခြုံမှုပေးတယ်လို့ ခံစားရပါတယ်။ "



Htoi Gender သည်ကျွန်တော်တို့၏ မြန်မာနိုင်ငံရှိ ပိုမိုကျယ်ပြန့်သော လုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံမှု (WPS) ကိုအကောင်အထည်ဖော်နိုင်ရန်အတွက်စေတနာ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးနေပြီး အမျိုးသမီးများကို COVID-19 ကပ်ရောဂါ တွန်းလှန်ရာတွင် ဦးဆောင်ပါဝင်ရန် ထောက်ပံ့ကူညီပေးနေသည်။






သိမြင်မှုပညာပေးခြင်းသည် သတင်းအချက်အလက်ပေးကိရိယာများမှတဆင့်နှင့် တစ်အိမ်တက်တစ်အိမ်ဆင်း အမြင်ဖွင့်သင်တန်းများကို ဒေသသုံးဘာသာစကားဖြင့် ပေးခြင်းဖြင့် မြှင့်တင်ခြင်းဖြစ်ပြီး လူထုအတွင်းရောဂါပိုး ဘယ်လို ပြန့်ပွားကြောင်း အသိပညာတည်ဆောက်ခြင်းနှင့် ကျားမအခြေပြုအကြမ်းဖက်မှု(GBV)ကို ကာကွယ်ခြင်းဖြစ်သည်။





“ကျေးလက်ဒေသဖြစ်သည်နှင့်အညီ ဂန်ဆောင်မှုတွေနှင့် သတင်းအချက်အလက်ရရှိဖို့ အခွင့်အလမ်း ကျွန်တော်တို့မှာ သိပ်မရှိပါဘူး။ အခုလို အမြင်ဖွင့်အစီအစဉ် (Covid 19 နဲ့ GBV) ကို ပိုးသတ်ဆေး၊ ပိုးမွှားသေစေနိုင်သည့် ဆပ်ပြာများ ၊ လက်ကမ်းစာစောင်များနှင့်တကွ အိမ်တိုင်ရာရောက်ပြုလုပ်ပေးခြင်းက အရမ်းကိုကောင်းပါတယ်။ ”

- ဦးလှဂင်း ၊ ၅၂ နှစ် ၊ ဇဲခမ်းရွာ ၊ ပိုင်းမော်မြို့နယ် ၊ ကချင်ပြည်နယ် ။

- Yi Ba So အသက်၁၃နှစ် ( လက်ဂဲမှ တတိယမြောက်) က COVID-19 အမြင်ဖွင့်လက်ကမ်းစာစောင်ကို မိသားစုဝင်များအား လီဆူဘာသာဖြင့် ပြောပြနေသည်ကို တွေ့ရသည်။





- DPP သည် လူထုအသိုင်းအဝန်းများကို သတင်းအချက်အလက်ကောင်းမွန်စွာရရှိရန် ၊ စိတ်ဓာတ်ခွန်အားရှိစေရန် နှင့် လုံခြုံမှုရှိစေရန်ကူညီပေးနေသည်။ WSP ၏၂၀ ကြိမ်မြောက် နှစ်ပတ်လည် နေ့တွင် Trocaire မှ အထူးသဖြင့် Covid 19 ပြန့်ပွားမှုကို ထိန်းချုပ်ခြင်းနှင့် အမျိုးသားများ ၊ အမျိုးသမီးများနှင့် ကလေးများ အသက်ရှင် ရပ်တည်နိုင်ရေးဆိုင်ရာ လုပ်ဆောင်ပေးကြသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များရဲ့ စံနမူနာယူထိုက်သော ကြိုးပမ်းအားထုတ်မှုများကို ဂါရဝပြုကာ ချီးကျူးဂုဏ်ပြုသည်။



Funded by:

--------------

European Union

A photo-story by:

-----------------------

Contact:

-----------

Oxfam (on behalf of the Durable Peace Programme)
No. 34 Corner of Aung Taw Mu Lane & Golden Hill Avenue, Yangon, Myanmar.
Phone: (95) 01539986, www.durablepeaceprogramme.com

ဓါတ်ပုံ: Yawng Htang နှင့် Ring Nu Awng, Relief Action Network for IDP and Refugee (RANIR)

ဤဓါတ်ပုံ ဇတ်လမ်းတွင်ပါဝင်သူများအားလုံးမှ သူတို့၏ ဓါတ်ပုံရိုက်ယူရန်နှင့် ထိုဓါတ်ပုံများကို ပညာပေးလုပ်ငန်းနှင့်အမြင်ဖွင့်လုပ်ငန်းများ အတွက်အသုံး ပြုသွားမည်ကို သဘောတူညီမှုပေးထားပြီးဖြစ်သည်။

ဤမှတ်တမ်းဓာတ်ပုံ ဇာတ်လမ်းတိုကို ဥရောပသမဂ္ဂ၏ ငွေကြေးထောက်ပံ့မှုဖြင့် ပြုစုထားပါသည်။ ဇာတ်လမ်းပါ အကြောင်းအရာများသည် RANIR နှင့် Trocaire ၏ တာဝန်သာ ဖြစ်ပြီး ဥရောပသမဂ္ဂ၏ သဘောထားထင်မြင်ချက် မဟုတ်ပါ။